# အမျိုးသမီးများအဖွဲ့ ချုပ် [မြန်မာနိုင်ငံ]

# Women's League of Burma


## လွတ်လပ်ရေး အနှစ် (၆၀) ပြည့် ၊ စစ်ကျွန်ဘ၀ လွတ်မြောက်ရေး ထုတ်ပြန်ကြေညာချက်

၂၀၀၈ ခုနှစ် ဇန်နဝါရီလ၊ (၄)ရက်၊

ယနေ့ ၂၀၀၈ ခုနှစ် ဇန်နဝါရီလ(၄)ရက်နေ့သည် မြန်မာနိုင်ငံ၏ လွတ်လပ်ရေး အနှစ်(၆၀)ပြည့် နှစ်ပါတ်လည်နေ့ ဖြစ်ပေသည်။

သို့သော် ဤနှစ်ပါတ်လည်နေ့တွင် မိမိတို့မြန်မာနိုင်ငံ၏ ပြည်သူလူထုများက လွတ်လပ်ရေး၏ အနှစ်သာရကို ယနေ့တိုင် ခံစား ထိတွေ့ခွင့်မရှိသည့်အပြင် စစ်အစိုးရ၏ ဖိနှိပ်မှုများ၊ ဥပဒေမဲ့ လုပ်ရပ်များ၊ ရက်စက်မှုများ၊ စစ်ကျွန်ပြုမှုများကိုသာ ဆက်လက် ရင်ဆိုင်ခံစား ကြရဆဲဖြစ်သည်။ စစ်အစိုးရသည် အာဏာအလွဲသုံးစားလုပ်ကာ စစ်အင်အားကိုသာ တိုးမြင့်နေသောကြောင့် ယခုအခါ၌ မြန်မာနိုင်ငံသည် ကမ္ဘာ့အဆင်းရဲဆုံး နိုင်ငံများထဲမှ တနိုင်ငံဖြစ်လာရခြင်းဖြစ်ပြီး ပြည်သူလူထုတရပ်လုံး၏ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေး၊ စီးပွားရေး နိုင်ငံရေး အဖက်ဖက်မှ ယိုယွင်း ချွတ်ချုံကျနေရသည်။

ယခင်နှစ်၊ ဩဂုတ်နှင့် စက်တင်ဘာလက မြန်မာနိုင်ငံအတွင်း ဖြစ်ပွားခဲ့သော ကမ္ဘာသိအရေးအခင်းကြီးက စစ်အစိုးရ၏ ပြည်သူ များအပေါ် နှစ်ပေါင်းများစွာ ဆက်တိုက်ကျူးလွန်နေသော လုပ်ရပ်များ၊ ပြစ်မှုများကို ထပ်မံ၍ အခိုင်အမာ သက်သေပြနေပါသည်။ စက်တင်ဘာ တော်လှန်ရေး ကာလအတွင်း ဘုန်းတော်ကြီးများအပါအ၀င် ငြိမ်းချမ်းစွာ ဆန္ဒပြသူများကို ရက်ရက် စက်စက် နှိမ်နင်းခဲ့သည်ကို ကမ္ဘာက မျက်ဝါးထင်ထင် တွေ့မြင်ခဲ့ပြီးဖြစ်သည်။ အရေးအခင်းတွင် ရှေ့တန်းမှ လှုပ်ရှားခဲ့သော အမျိုးသမီး လူ့အခွင့်အရေးကာကွယ်စောင့်ရှောက်သူ အနည်းဆုံး (၁၀၀) ဦးမှာ ယခုတိုင် စစ်အစိုးရ၏ ဖမ်းဆီးနှိပ်စက်ခံနေရဆဲ ဖြစ်သည်။ ငြိမ်းချမ်းသော ဆန္ဒပြပွဲများကို စည်းရုံးဦးဆောင်ခဲ့သူ အမျိုးသမီးခေါင်းဆောင်များမှာလည်း စစ်အစိုးရက တော်လှန် ပုန်ကန်သူ၊ အကြမ်းဖက်သူများဟု သမုတ်၍ လိုက်လံဖမ်းဆီးနေသောကြောင့် ထွက်ပြေး တိမ်းရှောင် နေရဆဲဖြစ်ပြီး မိသားစုများနှင့် ကွဲကွာနေရဆဲဖြစ်သည်။

မြန်မာနိုင်ငံတွင်း ရေရှည်တည်တံ့မည့် ငြိမ်းချမ်းရေးကို ဖော်ဆောင်နိုင်ရေးအတွက် နိုင်ငံရေးအရ အဖြေရှာနိုင်မည့် 'တွေ့ဆုံ ဆွေးနွေးရေး' ကို ဒေါ်အောင်ဆန်းစုကြည်မှ အဆက်မပြတ် ကမ်းလှမ်းနေသည့်နည်းတူ ကုလသမဂ္ဂအပါအ၀င် နိုင်ငံတကာကလည်း တောင်းဆို တိုက်တွန်းနေသည်။

သို့ရာတွင် စစ်အစိုးရအနေဖြင့် တိုင်းပြည်၏ ပြဿနာများကိုဖြေရှင်းနိုင်ရေးအတွက် မဖြစ်မနေပြုလုပ်ရန်လိုအပ်နေသည့် 'တွေ့ဆုံ ဆွေးနွေးရေး'ကို ဆက်လက် လစ်လျူရှုနေဆဲဖြစ်သည်။ ကုလသမဂ္ဂ ကိုယ်စားလှယ် မစ္စတာ ဂမ်ဘာရီနှင့် မြန်မာနိုင်ငံဆိုင်ရာ လူ့အခွင့် အရေး အထူးကိုယ်စားလှယ် မစ္စတာ ပင်ဟဲရိုး တို့ကိုလည်း မြန်မာနိုင်ငံတွင်း သွားရောက်ခွင့် ပေးရုံသာပေး၍ ပြည်သူ လူထုတရပ်လုံးကို သာမက ကမ္ဘာ့ကုလသမဂ္ဂနှင့် နိုင်ငံတကာအသိုင်းအဝိုင်းကိုပါ စိမ်ခေါ်သော အပြုအမူများကို ပြောင်ပြောင် တင်းတင်း ပြုလုပ်လျက်ရှိသည်။

သို့ပါ၍ စစ်အစိုးရအား ဒေါ်အောင်ဆန်းစုကြည်နှင့်တကွ အမျိုးသမီး လူ့အခွင့်အရေးကာကွယ် စောင့်ရှောက်သူများ အပါအ၀င် နိုင်ငံရေးအကျဉ်းသားများအားလုံး ချက်ခြင်းလွှတ်ပေးလွှတ်ပေးရန်နှင့် သုံးပွင့်ဆိုင်ဆွေးနွေးပွဲများ ဖြစ်ပေါ်လာစေရေးအတွက် ဆက်လက် ဖိအားပေးကြိုးပမ်းပါရန် ကမ္ဘာ့နိုင်ငံများနှင့်တကွ ကုလသမဂ္ဂအထွေထွေ အတွင်းရေးမှူးချုပ် မစ္စတာ ဘန်ကီမွန်အား မိမိတို့အနေဖြင့် မေတ္တာ ရပ်ခံလိုပါသည်။ ထို့အပြင် တိမ်းရှောင်ခိုအောင်းနေရသော အမျိုးသမီးလူ့အခွင့်အရေး စောင့်ရှောက်သူများ လုံခြုံစိတ်ချစွာ နေအိမ်သို့ ပြန်လည်ရောက်ရှိစေရေးနှင့် ရင်သွေးငယ်များအပါအ၀င် မိသားစုနှင့် အမြန်ဆုံး ပြန်လည်တွေ့ဆုံ ပေါင်းစည်းစေရေးတို့အတွက် ကမ္ဘာ့ကုလ သမဂ္ဂမှ အမျိုးသမီးများအကြမ်းဖက်မှုဆိုင်ရာ အထူးအရာရှိအား မြန်မာနိုင်ငံသို့ အမြန်ဆုံးစေလွှတ်၍ စုံစမ်းစစ်ဆေးရေး လုပ်နိုင်ရန် အတွက် စီစဉ်ဆောင်ရွက်ပေးပါရန် ထပ်မံတောင်းဆိုလိုပါသည်။ အခြား အာစီယံနိုင်ငံ အဖွဲ့ဝင်နိုင်ငံများအားလည်း၊ အာစီယံ၏ဂုဏ်သိက္ခာကို ယုတ်လျော့ကျဆင်းစေသော စစ်အစိုးရအပေါ် ဖိလစ်ပိုင် နည်းတူ ဆက်လက်ဖိအားပေးကြပါရန် တောင်းဆိုအပ်ပါသည်။

မိမိတို့ပြည်သူလူထု နှစ်ပေါင်းများစွာ (ရာစု ဝက် ကြာ) ခံစားနေရသည့် စစ်ကျွန်အဖြစ်မှ လွတ်မြောက်ရေးအတွက် အမျိုးသမီးများ အဖွဲ့ချုပ် (မြန်မာနိုင်ငံ) မှ ယနေ့ကျရောက်သော လွတ်လပ်ရေးနေ့ကို အမည်အရ သာမဟုတ်ဘဲ ပြည်သူအားလုံး စစ်မှန်သော လွတ်လပ် ရေးအရသာ ကို ခံစားနိုင်စေရန် ဆက်လက် ကြိုးပမ်းသွားပါမည်။

၎င်းအပြင် အမျိုးသမီးများအဖွဲ့ချုပ်(မြန်မာနိုင်ငံ)သည် စစ်အာဏာရှင်စနစ်အပြီးသတ် ဖျက်သိမ်းနိုင်ရေးအတွက် နိုင်ငံရေး အင်အားစု အသီးသီး၊ ပြည်သူလူထု တရပ်လုံးနှင့်အတူ နိုင်ငံရေး လုပ်ငန်းစဉ်များကို နည်းဗျူဟာကျ အရှိန်အဟုန်မြှင့်တင်လျက် လက်တွဲဆောင်ရွက် သွားမည် ဖြစ်ကြောင်း ဤလွတ်လပ်ရေး အနှစ်(၆၀) ပြည့်နေ့တွင် ထုတ်ပြန်ကြေညာအပ်ပါသည်။


**ဆက်သွယ်ရန် –** နန်းယဉ် ဖုန်း ၆၆ ၈၉ ၈၅၈ ၄၆၆၈

မေရီ ဖုန်း ၆၆ ၈၇ ၁၈၄ ၀၆၂၇

သင်းသင်းအောင် ဖုန်း ၉၁ ၉၈ ၉၁၂ ၅၂၃၁၆